# ဟင်းချိုတောကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဟင်းချိုတောကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဟင်းချိုတောကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၃၆ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၄၀ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၄၂ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၄၄ |
| | | |
| | | |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစား ပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြ ထားပါသည်။

**၂၀၁၈ ခုနှစ်၊ ဩဂုတ်လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ဟင်းချိုတောကျေးရွာ**
**လောင်းလုံးမြို့နယ်**

## ဟင်းချိုတောကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



# အပိုင်း (က)

## ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ မြောက် ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ဟင်းချိုတောကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ သပြေရှောင်ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ထားဝယ်- ရှင်မော်ကားလမ်းပေါ်တွင် တည်ရှိပြီး လောင်းလုံးမြို့နယ်မှ (၁၂)မိုင်ခန့်နှင့် ထားဝယ်မြို့နယ်မှ (၂၅)မိုင်ခန့် ကွာဝေးသဖြင့် နေ့ချင်းပြန်ပင်သွားရောက်ကြပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေ ချောမွေ့ပါသည်။ ပတ်ဝန်း ကျင် ကျေးရွာများမှာ သံလျှင်ကျေးရွာ၊ ကြက်ယက်တွင်းကျေးရွာ၊ သပြေရှောင်ကျေးရွာနှင့် တောကျဲကျေးရွာတို့ဖြစ်ပါသည်။ ဟင်းချိုတောကျေးရွာတွင် ရာဘာလုပ်ငန်း၊ ဥယျာဉ်ခြံ လုပ်ငန်း၊ ပန်းရံလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၈) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေ ချိန်မှာ (၁၈၉.၇၂) လက်မ အထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှအပူချိန်မှာ(၂၈)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ဟင်းချိုတောကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ တောတိရစ္ဆာန်များမှာလည်း ရော်ဘာခြံများ ချဲ့ထွင်စိုက်ပျိုးမှုကြောင့် ယခင်ကထက် ရှားပါးလာပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဟင်းချိုတောကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊ သာရေး နာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ဘေးကင်း လုံခြုံရေး တို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ နာရေးကူညီမှု အဖွဲ့၊ လင်းရောင်ဖြာ ပရဟိတအသင်း၊ ကျန်းမာရေးအသင်း၊ ကျောင်း အကျိုးတော်ဆောင် အဖွဲ့၊ ပျို/လူပျိုအဖွဲ့၊ ရပ်မိရပ်ဖနှင့် မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်ရေးအဖွဲ့ စသည်ဖြင့် အဖွဲ့များအားလုံးသည် ကျေးရွာအတွက် သက်ဆိုင်ရာဘက်များမှ အားကောင်းစွာ ပါဝင်ဆောင်ရွက် လျက်ရှိသည်။ နာရေးကူညီမှု အဖွဲ့၊ ပျို/လူပျိုအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့သည် ကျေးရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝစွာပါဝင်ကြပါသည်။လင်းရောင်ဖြာ ပရဟိတ အသင်းမှာ လူငယ်၊လူလတ်များဖြင့် အဓိအဖွဲ့စည်းထားပြီး ပညာရေးနှင့် ပညာရေးကိစ္စ

ရပ်များတွင် အသင့်အတင့်ကောင်းမွန်ပါသည်။ ကျန်းမာရေး အသင်းမှာ ကလေးများ ပေါင်ချိန်ခြင်း၊ အာဟာရများ ကျွေးမွေးခြင်း၊ ကိုယ်ဝန်သည်များအား ထောက်ပံ့ကြေးများ ပေးခြင်း၊ ကျောင်းမနေနိုင်သောကလေးများအား ထောက်ပံ့ကြေးပေး ခြင်းတို့ကို ဆောင်ရွက် ပေးလျက်ရှိပါသည်။ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင် ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးထွက်နှုန်းမှာ ပျှမ်းမျှ အားဖြင့် (၁)ဧကလျှင် တင်း(၄၀)ထွက်ရှိပါသည်။ အများဆုံး(၆၀)တင်းနှင့် အနည်းဆုံး (၂၀)တင်း ထွက်ရှိပါသည်။ လယ်ကွင်းများသို့သွားရာလမ်းမှာ မိုးရာသီတွင် ရေကြီးရေလျှံမှု များကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ ထို့ကြောင့် ထိုလမ်းအား ကုန်ထုတ် လမ်းအဖြစ် ကျေးလက်ဦးစီးသို့ တင်ပြရန် လိုအပ်ပြီး ထိုလမ်းပြုလုပ်ပါက လယ်ဧက (၆၀၀)သို့ သွားလာရန် အဆင်ပြေလာပါမည်။ ဓါတ်မြေသြဇာများကို စိုက်ပျိုးအချိန်မှ ရိတ်သိမ်း အချိန်အထိ တစ်နှစ်(၃)ခါကျွေးပါသည်။ ဒီရေအတက်အကျ အချိန်များတွင် ရေငန်ဝင် ရောက်မှုရှိသဖြင့် ချောင်းမြောင်းတူးဖော်ရန် လိုအပ်နေပါသည်။ ကျွန်ုပ်တို့ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာများ လုံလောက်မှုရှိပါသည်။ မြေဆီသြဇာ မကောင်း သဖြင့် အရည်အသွေးညံ့ဖျင်းကာ အကျိုးအမြတ် ခံစားရရှိမှု နည်းပါသည်။ စပါး၏ ဈေးကွက်အခြေအနေမှာ အသင့်အတင့်ရှိပြီး ကျေးရွာတွင် လာရောက်ဝယ်ယူကြပါသည်။ ရာသီပေါ်သီးနှံများအနေဖြင့် ပဲသီး၊ ကွမ်းရွက်၊ ကြက်ဟင်းခါးသီး၊ပဲလင်းမြွေသီး၊ ခဝဲသီး၊ ဖရဲသီးတို့ကို စိုက်ပျိုးကြပါသည်။ ရာသီပေါ်သီးနှံများအား ဥယျာဉ်ခြံတွင်လည်းကောင်း၊ စပါးရိတ်သိမ်းပြီး အချိန်များတွင် လယ်ကွင်းများ၌သော်လည်းကောင်း စိုက်ပျိုးကြပါသည်။ အကျိုးအမြတ်ရရှိနိုင်မှုမှာ အသင့်အတင့်ရှိပြီး ဆုံးရှုံးမှုများ မရှိပါ။ စိုက်ပျိုးကာလမှာ မိုးရာသီတွင် (၂)လရှိပြီး နွေရာသီတွင် (၃)လရှိပါသည်။ ကွမ်းရွက် (၁)စည်းလျှင် ၃၀၀- ၅၀၀ကျပ်အထိ ရောင်းချနိုင်ပြီး ရက်သတ္တပတ်(သို့မဟုတ်) (၁၀)ရက်ပြည့်လျှင် ပြန်လည်ခူး ယူနိုင်ပါသည်။ ဟင်းသီးဟင်းရွက်များကို သပြေရှောင်ကျေးရွာဈေးတွင် လက်ကား ရောင်းချပါသည်။ထို့အပြင် ရာဘာနှင့် ကွမ်းသီး ဥယျာဉ်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု အနည်းအငယ်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ စိုက်ပျိုးသီးနှံများ အရည်အသွေး ပြည့်မီ ကာ အပိုဝင်ငွေ ရရှိစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ် ပေးရန် လိုအပ်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အများအားဖြင့် နွား၊ ကြက်၊ဝက်၊ ဘဲ တို့ကို မွေးမြူကြပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူ အနည်းငယ်ရှိပြီး ဝင်ငွေရရှိမှုမှာ အသင့်အတင့်ရှိပါသည်။ ဝက်များကို တစ်ကောင်လျှင် (၆၅၀၀၀)ကျပ်ဖြင့် ဝယ်ယူရပြီး ပြန်ရောင်းလျှင် (၂၀၀၀၀၀)ကျပ်အထိ ရရှိပါသည်။ ဝက်မွေးမြူသူများတွင် တုတ်ကွေး၊ တုန်ဖျားနှင့် အနီကွက်များထွက်လာတတ်ပြီး ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ ကြက်မွေးမြူရေးကို စီးပွားအဖြစ်မွေးမြူသူ မရှိသလောက်နည်းပါးပြီး အချို့မှာ အကောင် (၂၀)၊ (၃၀)အထိသာ မွေးမြူကြပါသည်။ ဘဲမွေးမြူရေးစီးပွားအဖြစ် မွေးမြူသူ (၁)ဦး ရှိပြီး အကောင်(၁၁၀)ခန့်ရှိပါသည်။ ဘဲမွေးမြူရေးလုပ်ငန်းတွင် အစာ ကျွေးရန် အရင်းအနှီး ငွေဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းတွင် ချေးငွေ(၅၀၀၀၀၀) ကျပ် ထုတ်ချေးထားပြီး တစ်နေ့ လျှင် (၆၀၀၀)ခန့်ကုန်ကျပါသည်။ မွေးကင်းစမှ (၆)လပြည့်လျှင် ဘဲဥ ရရှိပြီး ရောဂါကျရောက်မှု မရှိပါ။ ဈေးကွက်အခြေအနေများ ကျေးရွာထဲတွင် ရောင်းချပါသည်။ ထို့ကြောင့် ဟင်းချိုတောကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူ နည်းပါးကြောင်း တွေ့ရှိရပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ ပို့ဆောင်ရေးလုပ်ငန်း ၊ပရိဘောဂလုပ်ငန်း၊ စတီးသံပန်းလုပ်ငန်း၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင် ကြပါသည်။ ကျွန်ုပ်တို့ ကျေးရွာတွင် အများအားဖြင့် နိုင်ငံခြား(ထိုင်း၊ မလေးရှား) နိုင်ငံများသို့ သွားရောက် လုပ်ကိုင်သူ များပြားပါသည်။ မိုးရာသီတွင် ကောက်စိုက်၊ပျိုးနှုတ်သူများရှိပြီး တစ်နေ့ လုပ်အားခ ကျား(၇၀၀၀) ကျပ်နှင့် မ(၅၀၀၀)ကျပ် ရရှိပါသည်။ ထိုသူများသည် မြေယာမဲ့ လက်လုပ်လက်စား အလုပ်သမားများ ဖြစ်ကြပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်း မရရှိ သဖြင့် အသေးစား စက်မှုလုပ်ငန်းလုပ်ကိုင်ချင်သူများ အတွက် အခက်အခဲရှိပါသည်။ အချို့ မှာ ရာဘာဥယျာဉ် ပိုင်ဆိုင်သူများထံတွင် အငှားပြုလုပ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာရှိ လက်လုပ်လက်စားများ အပိုတင်ငွေရရှိစေရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အသေးစား စက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဟင်းချိုတောကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်မှု အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးငွေ ရှိပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိသောကျေးရွာလည်းဖြစ်ပါသည်။ မြစိမ်းရောင်ချေးငွေ၏ အတိုးနှုန်းမှာ (၁%)သာဖြစ်သည့်အတွက် စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ၊ မွေးမြူရေးလုပ်ကိုင်လိုသူများ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင် လိုသူများနှင့် အရောင်းအဝယ်လုပ်ကိုင်လိုသူများအတွက် အတိုးနှုန်းသက်သာစွာဖြင့် လုပ်ကိုင်ရသဖြင့်

ကျေးရွာနေပြည်သူများအတွက် အသင့်အတင့် အဆင်ပြေပါသည်။ထို့အပြင် ပြင်ပပုဂ္ဂလိက မှလည်း အတိုးနှုန်းမြင့်စွာဖြင့် ချေးယူသူများလည်း ရှိပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဟင်းချိုတော ကျေးရွာတွင် ကျေးရွာတွင်းလမ်းသွယ် (၃) လမ်းရှိပါသည်။ လမ်းများမှာ မြေသားလမ်းများဖြစ်ကြပြီး အကျယ်မှာ (၆)ပေသာရှိပါသည်။ မြေသားလမ်းများမှာ ဂဝံမြေများ မဟုတ်သည့်အတွက် မိုးရာသီ တွင် ရွှံ့နွံများပြည့်နှက်နေပါသည်။ ဟင်းချိုတော-သံလျင်ကျေးရွာချင်းဆက်လမ်းမှာ အရှည် ၁၈၅၀ပေ ရှိပြီး အကျယ်( ၁၀)ပေသာရှိပါသည်။ လမ်းဘေးဝဲဘက်တွင် ရေမြောင်းများမရှိသည့်အတွက် မိုးရာသီတွင် လမ်းရေကျော်မှုများနှင့် ကြုံတွေ့ရပါသည်။ထို့ကြောင့် ကျေးရွာချင်းဆက်လမ်းအားမြေသားလမ်း(၂၀ ' )သို့ အကျယ်ချဲ့ပြီးလမ်းပေါ်တွင် ရေပွွန်များဆောင်ရွက်မည်ဆိုပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေ လာပါမည်။ ဟင်းချိုတောကျေးရွာတွင် (၃×၁၈×၃) ပေ ရှိသော ရေပွွန်(၁)စင်း၊ (၃၀×၂၅×၈)ပေ ရှိသော ကွန်ကရစ်တံတား(၁)စင်းရှိပါသည်။ တံတားများတည်ဆောက်ထားသည်မှာ ကြာမြင့်နေပြီဖြစ်သည့်အတွက် အရည်အသွေး ညံ့ဖျင်းပြီး ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာနှင့် ထားဝယ်မြို့သို့ သွားလာရာတွင် ကား၊ သုံးဘီးဆိုင်ကယ် နှင့် မော်တော်ဆိုင်ကယ်များကိုသာ ဦးစားပေး အသုံးပြု သွားလာကြသည်။ ကျေးရွာ ထွက်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် ထော်လာဂျီနှင့်သုံးဘီးဆိုင်ကယ်၊မော်တော်ဆိုင်ကယ်များကို အဓိကထား၍အသုံးပြုကြသည်။စက်ဘီးများကိုမူ သပြေရှောင်ကျေးရွာ အထက်တန်းကျောင်းသို့သွားရာတွင်လည်းကောင်း၊ကြက်ယက်ယက်တွင်းကျေးရွာ အထက်တန်းကျောင်းသို့ သွားရာတွင်လည်းကောင်း အသုံးပြုကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ဟင်းချိုတောကျေးရွာတွင် ဒီဇယ်အင်ဂျင်ဖြင့် သပြေရှောင်ကျေးရွာမှ ဖြန့်ဝေသော လျှပ်စစ်မီးကို တစ်ယူနစ်လျှင် (၆၀၀) ကျပ်နှုန်းဖြင့် တစ်ရွာလုံးနီးပါး ရယူသုံးစွဲကြသည်။ ကိုယ်ပိုင်မီးစက်ဖြင့် အသုံးပြုသူအနည်းငယ်ရှိပါသည်။ ဆိုလာစနစ် အသုံးပြုသူ(၂၃) အိမ်ထောင်စုနှင့် လျှပ်စစ်မီး အသုံးမပြုနိုင်သူ(၂၁) အိမ်ထောင်စု ရှိပါသည်။ လျှပ်စစ်မီး အတွက် အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ရေနံဆီမီးခွက် (သို့) ဖယောင်းတိုင်မီး တို့ဖြင့် အသုံးပြုကြသည်။ ယခုလက်ရှိတွင် ဟင်းချိုတော-သပြေရှောင် ကျေးရွာချင်းဆက် လမ်းပေါ်တွင် အစိုးရဓာတ်မီးတိုင်များ၊ မီးကြိုးများ၊ Transformer တပ်ဆင်ပြီး ဖြစ်သော်လည်းအစိုးရမီးမရရှိသေးပါ။ ကျေးရွာအတွင်းရှိရွာတွင်းလမ်း(၄)လမ်းမှာ လမ်းကျဉ်းမြောင်းသည့်အတွက် မီးတိုင်စိုက်ထူရန် အခက်အခဲရှိပါသည်။လမ်းချဲ့ရန် လိုအပ်နေသော်လည်း ကျေးရွာသူ/သားများ၏ အသိပညာ နည်းပါးမှုကြောင့် အခက်အခဲ အနည်းအငယ်ရှိပါသည်။ထို့ကြောင့် လျှပ်စစ်မီးသုံးစွဲရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ

ပြုလုပ်ရန် လိုအပ်ပါသည်။ လျှပ်စစ်မီးရရှိပါက ကျောင်းသားများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်းတွင် အသေးစား စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက် အပံ့ပေးနိုင် ပါလိမ့်မည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဟင်းချိုတောကျေးရွာတွင် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ အသင့် အတင့်ကောင်းမွန်ပါသည်။တီဗွီနှင့် စလောင်းများလည်း အိမ်တိုင်းလိုလိုရှိပါသည်။ ထို့ကြောင့် သတင်းအချက်အလက်နှင့် နည်းပညာရရှိမှု၊ ကျန်းမာရေးဆိုင်ရာအသိပညာများ၊ စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာ ဗဟုသုတများ အတွက် အထောက်အပံ့ဖြစ်စေ ပါသည်။ ကျေးရွာတွင် လူငယ်များ စာပေလေ့လာရန်အတွက် စာကြည့်တိုက်ရှိသော်လည်း စာဖတ်ရှုသူနည်းပါးပါသည်။ ထို့ကြောင့် သတင်းစာ၊ဂျာနယ် ရရှိမှုအားနည်းပြီး ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဆရာမများ လောက်သာ ရရှိပါသည်။ သို့သော်လည်း အင်တာနက် လိုင်းများ အသင့်အတင့်ကောင်းမွန် သောကြောင့် ဗဟုသုတနှင့် နည်းပညာလေ့လာ ချင်သူများအတွက် အခွင့်အလမ်းကောင်းများ ရှိပါသည်။

## ၆။ ပညာရေး

ဟင်းချိုတောကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်း ရှိပါသည်။ ကျောင်း၏ ပုံစံမှာ (၇၅'×၃ဂ')ရှိသော တစ်ထပ်တိုက်ပုံစံ ဖြစ်ပါသည်။ ကျောင်းတွင် ဆရာ(၁)ဦးနှင့် ဆရာမ (၅)ဦး ရှိပါသည်။ ကျောင်းသူ/သားမှာ (၁၂၅)ဦးရှိပြီး ကျောင်း အဆောက်အဦလုံ လောက်မှု မရှိပါ။ ကျောင်းသုံးပရိဘောဂလည်းလုံလောက်မှု မရှိသဖြင့် ကျောင်းသားမိဘများတွင် အလှူခံကာ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ဆောင်ရွက်နေရပါသည်။ ထို့ကြောင့် ကျောင်းသားများ အဆင်ပြေစေရေးအတွက် ကျောင်းအဆောက်အဦအသစ်တိုးချဲ့ရန် လိုအပ်နေပါသည်။ ကျောင်းအဆောက်အသစ်တိုးချဲ့ရန် မြေနေရာလည်း ရှိပါသည်။ ကျောင်းသားများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကစားရန် အားကစားကွင်းနှင့် အားကစားပစ္စည်းများလည်း မရှိပါ။ (၃)နှစ်အရွယ် ကလေးများအတွက် မူကြိုကျောင်းလည်း လိုအပ်ပါသည်။ ကျောင်းတွင် (၂)ခန်းတွင် အိမ်သာ(၁)လုံးရှိပြီး သန့်ရှင်းမှုမှာ အသင့်အတင့်ရှိကာ ကျောင်းသားဦးရေများလာသဖြင့် လုံလောက်မှုမရှိပါ။ ကျေးရွာမူလတန်းကျောင်းသည် ကျေးရွာအတွင်း၌ရှိ၍ ကျောင်းသား/သူများသည် စာသင်ယူရန် အဝေးသို့ သွားရောက်သင်ယူရခြင်းမရှိဘဲ ကျေးရွာအတွင်း လွယ်ကူစွာ တက်ရောက်နိုင်ပါသည်။ ကျောင်းသား / သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျေးရွာမှ ပိုက်ဖြင့် သွယ်တန်းပေးထားပါသဖြင့် သောက်သုံးရေရရှိရေးအတွက် အဆင်ပြေပါသည်။ အလယ်တန်း နှင့် အထက်တန်း ပညာရေးအား ရွာအနီးအနားတွင်ရှိသော ကြက်ယက်တွင်း ကျေးရွာနှင့် သပြေရှောင်ကျေးရွာတို့တွင် ပညာသင်ကြားကြပါသည်။ ကြက်ယက်တွင်းကျေးရွာသို့( ၁)မိုင်ခန့်သွားရပြီး သပြေရှောင်ကျေးရွာသို့ (ဂ/၄)မိုင်ခန့်သာ သွားရပါသည်။သို့သော် ကျေးရွာရှိ

ကျောင်းသူ/သား များသည် ကြက်ယက်တွင်းကျေးရွာတွင်သာ အနေများကြပါသည်။ ကျွန်ုပ်တို့ ကျေးရွာရှိ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများ မရှိသော်လည်း ကျေးရွာ ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေး စစ်ဆေးမှုများအား လစဉ် ပြုလုပ်ပေးပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်း ကျောင်းသားဦးရေ များပြားသော်လည်း အထက်တန်းနှင့် တက္ကသိုလ်တက်သူမှာ နည်းပါးပါသည်။ထိုကလေးများသည် ကျောင်းထွက်၍ အရွယ်ရောက်လာလျှင် ထိုင်းနိုင်ငံသို့ အလုပ်လုပ်ရန် လွှတ်ကြသဖြင့် အများသောအားဖြင့် အလယ်တန်းအဆင့်နှင့် ကျောင်းထုတ်သည်မှာ များသည်။ အထက်တန်းအဆင့်တက်နိုင်သော ကျောင်းသား/သူဦးရေမှာ နည်းသဖြင့် ဘွဲ့ရဦးရေမှာ နည်းပါးပါသည်။ ထို့ကြောင့် လက်ရှိ ပညာရေး အခြေအနေကို သုံးသပ်ရာတွင် ကျောင်းနေအရွယ် ကလေး များ၏ ပညာရေးအခြေအနေမှာ အခက်အခဲ ရှိနေကြောင်းတွေ့ရပါသည်။ ထို့အပြင် ကျွန်ုပ်တို့ ကျေးရွာတွင် တာဝန်ကျနေသော ဆရာဆရာမ(၆)ဦး အနက် (၃)ဦးမှာ နယ်ဝေးမှ ဖြစ်သဖြင့် အိမ်ရာနေထိုင်မှုနှင့် ပတ်သက်၍ အခက်အခဲရှိပါသည်။ ထိုဆရာမများအတွက် ဝန်ထမ်းအိမ်ရာ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး

ဟင်းချိုတောကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ သပြေရှောင်ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် ကုသမှုခံယူရပါသည်။ ကျန်းမာရေးဆရာမအား ကျေးရွာသို့ ခေါ်ရန် ခက်ခဲပါသည်။ ထို့ကြောင့် အများအားဖြင့် သကျက်တောကျေးရွာ ၊ တိုက်နယ်ဆေးရုံတွင် ကုသမှုခံယူကြပြီး ကျေးရွာမှ (၅)မိုင်ခန့်ကွာဝေးပြီး အခန်း၊ ကုတင်နှင့် ဆေးဝါး အသင့်အတင့်ရှိပြီး ဆရာ၊ဆရာမများနွေးထွေးစွာပြုစုကြပါသည်။ **ကျေးရွာကိုယ်ထူကိုယ်ထ ကျန်းမာရေးအဖွဲ့မှ** တစ်လလျှင် (၁)ကြိမ် (၅)နှစ်အောက်ကလေး များအား ပေါင်ချိန်ခြင်း၊ အားဆေးများ ကျွေးခြင်း၊ ကိုယ်ဝန်သည်များအား သံဓါတ်အားဆေးများကျွေးခြင်း စသည်ဖြင့် လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။ ရောဂါပြင်းထန်လျှင် လောင်းလုံးပြည်သူ့ဆေးရုံနှင့် ထားဝယ်ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်၍ ကုသကြရ ပါသည်။ ကျေးရွာတွင် အဖြစ်များသော ရောဂါများမှာ ဆီးချို ၊ သွေးတိုး၊ တုတ်ကွေးရောဂါတို့ဖြစ်ကြပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းမှာ ကျေးရွာ၏ (၄၅%) ခန့်ရှိပါသည်။ အခြားရောဂါများအနေဖြင့် ငှက်ဖျား၊ တီဘီ၊ လည်ပင်း ကင်ဆာ၊ HIV ၊ လိပ်ခေါင်းရောဂါတို့ အနည်းငယ်ဖြစ်ပွားပြီး လွန်ခဲ့သောနှစ်က ကျန်းမာရေး ဟောပြောပွဲ (၁)ကြိမ်ပြုလုပ်ပါသည်။ ယင်လုံအိမ်သာ မသုံးစွဲသော အိမ်ထောင်စု အနည်း ငယ်မှာ တစ်ခါတစ်ရံ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွား တတ်ပါသည်။ ထိုအိမ်ထောင်စုများအတွက် ယင်လုံအိမ်သာများ တည်ဆောက် ပေးရန် World Vision အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ် နေပါသည်။

ဟင်းချိုတော ကျေးရွာတွင် သောက်သုံးရေလုံလောက်မှုအတွက် ရေတွင်းနှင့် စိမ့်စမ်းရေကို အဓိကထား အသုံးပြုကြပါသည်။ သောက်သုံးရေ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပြီး လုံလောက်မှု ရှိပါသည်။ စိမ့်စမ်းရေကို နွေရာသီတွင် အများအားဖြင့် အသုံးပြုပြီး

တစ်ယူနစ်လျှင် (၂၀၀)ကျပ် ပေးရပါသည်။ ထို့ကြောင့် ဟင်းချိုတောကျေးရွာ သောက်သုံးရေရရှိနိုင်မှုမှာ အဆင်ပြေကြောင်း တွေ့ရှိရပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုများ အချိန်မီရရှိနိုင်ရေးအတွက် ကျန်းမာရေး ဆရာမလိုအပ်ကြောင်း တွေ့ရှိရပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဟင်းချိုတောကျေးရွာတွင် မိုးရာသီ၌ စိုက်ပျိုးမြေများသို့ ဆားငန်ရေ ဝင်ရောက်မှုများ တစ်ခါတစ်ရံဖြစ်တတ်ပါသည်။ မီးဘေးအန္တရာယ်မှာ ယခုနှစ်တွင် ကျေးရွာ၌ နေအိမ်(၁)လုံး မီးလောင်ခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာဖြစ်ပါသည်။ မိုးရာသီတွင် မုန်တိုင်းများကျရောက်ပါက ရေမြောင်းများ မရှိခြင်းကြောင့် ရေကြီးရေလျှံမှု များ တစ်ခါတစ်ရံ ဖြစ်တတ်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အစီအစဉ်ရေးဆွဲထားခြင်းမျိုး မရှိပါ။ မိမိအိမ်မှ ထွက်ရှိသော အမှိုက်သရိုက် များအား စုပုံပြီး မီးရှို့ကြပါသည်။ ထို့ကြောင့် သန့်ရှင်းသာယာလှပသော ကျေးရွာတစ်ရွာဖြစ်စေရေးအတွက် ကျေးရွာအမှိုက်စီမံခန့်ခွဲမှုစနစ်အား စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သင့် ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရပ်ရေးရွာရေးအုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများ ဦးဆောင်ပြီး အမျိုးသမီးများ ပါဝင်ပတ်သက်မှု မရှိပါ။အုပ်ချုပ်မှုအပိုင်း စီမံခန့်ခွဲရာတွင် ပိုပိုသေချာစေရေးအတွက် ရပ်မိရပ်ဖအဖွဲ့တွင် အမျိုးသမီးများထည့်သွင်း ဖွဲ့စည်းသင့်ပါသည်။ အုပ်ချုပ်ရေးမှအပ ပညာရေး၊ ကျန်းမာရေး၊ဘာသာရေး၊ကျေးရွာဖွံ့ဖြိုးရေး၊စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အမျိုးသမီးများ အများဆုံးပါဝင်ပါသည်။ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်များမှာ နိုင်ငံခြားသို့ သွားလာကြသူများ များပြားပါသည်။ ကျေးရွာရှိအားကစားကွင်းမှာ မြေမညီခြင်း၊ ခြံစည်းရိုးမရှိခြင်း၊ ယာဉ်များ၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာမှုကြောင့် ပျက်စီးနေပြီး ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ထို့အပြင် မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ပတ်သက်၍ လူငယ်များ အသိပညာများ တိုးပွားလာစေရန် အသိပညာပေး ဟောပြောပွဲများလည်း ပြုလုပ်ရန် လိုအပ်နေပါသည်။ ဟင်းချိုတောကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အမျိုးသားက အနည်းငယ်ပိုများပါသည်။ ကျား/မ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထား ကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်း မိန်းမပျို/အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - သပြေရှောင် | | | ကျေးရွာအမည် - ဟင်းချိုတော | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | သံလျင်- ဟင်းချိုတောကျေးရွာချင်းဆက်လမ်း (၁၈၅၀'×၂၀')အား မြေသားလမ်းတိုးချဲ့ခြင်း | ဒုတိယဦးစားပေး |
| ၂ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | (၃'×၃')ရှိ ရေပြွန် (၁၂)ခု ပြုလုပ်ရန် ခြင်း | တတိယဦးစားပေး |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း တောင်မြောက်ဘုန်းကြီးကျောင်းလမ်း (၁၂၅၀') အား အကျယ် (၂၀) ပေမြေသားလမ်းအဖြစ်တိုးချဲ့ခြင်း | ဦးစားပေး-၄ |
| ၄ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း အရှေ့အနောက်လမ်း (၆၇၆') အား အကျယ် (၁၂) ပေ မြေသားလမ်းအဖြစ်တိုးချဲ့ခြင်း | ဦးစားပေး-၅ |
| ၅ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း (ဖိုးရှင်အိမ်လမ်း) (၄၀၀') အား အကျယ် (၁၅) ပေ မြေသားလမ်းအဖြစ်တိုးချဲ့ခြင်း | ဦးစားပေး-၁၃ |
| ၆ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအတွင်းပိုင်းတွင် ဓါတ်မီးတိုင်များစိုက်ထူခြင်း | ဦးစားပေး-၁၀ |
| ၇ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | လယ်ယာကုန်ထုတ်လမ်း(၂၀၀၀)ပေအား တိုးချဲ့ဖောက်လုပ်ခြင်း | ဦးစားပေး-၈ |
| ၈ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | လယ်ယာကုန်ထုတ်တံတား(၃၀'×၂၅')တည်ဆောက်ခြင်းလုပ်ငန်း | ဦးစားပေး-၉ |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျေးရွာမူကြိုကျောင်း(၃၅'×၂၀'×၁၂')တည်ဆောက်ရန်လိုအပ်ခြင်း | ပထမ ဦးစားပေး |

### ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - သပြေရှောင် | | | ကျေးရွာအမည် - ဟင်းချိုတော | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအဆောက်အဦ (၆၀'×၄၀')တိုးချဲ့ရန်လိုအပ်ခြင်း | ဦးစားပေး-၇ |
| ၁၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ | ( ၃၀'×၂၀'×၁၂') ဝန်ထမ်းအိမ်ယာတည်ဆောက်ခြင်း | ဦးစားပေး-၁၁ |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်းများ ပြုလုပ်ရန်လိုအပ်ခြင်း | ဦးစားပေး-၁၂ |
| ၁၃ | စိုက်ပျိုးရေး | စက်ကိရိယာ | ပေ(၃၅၀၀)ရှိ ချောင်းတူးဖော်ရန် လိုအပ်ခြင်း | ဦးစားပေး-၆ |
| ၁၄ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ  ပြုလုပ်ခြင်း | ဦးစားပေး-၁၄ |
| ၁၅ | လူငယ်နှင့် အားကစား | အားကစား | ကျေးရွာ အားကစားကွင်း(၄၆၈'×၂၈၀')အား ခြံစည်းရိုးခတ်ခြင်း | ဦးစားပေး-၁၅ |

နောက်ဆက်တွဲ (၁)

## ဟင်းချိုတောကျေးရွာ ၊ သပြေရှောင်ကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးဝင်းစိန် | ဦးပုသား | ၆/လလန(နိုင်)၀၄၈၇၀၇ | ၇၀ | နာယက | - |
| ၂။ | ဦးဝင်းစိုး | ဦးဝင်းရှိန် | ၆/လလန(နိုင်)၀၇၁၉၃၇ | ၇၂ | နာယက | - |
| ၃။ | ဦးဝင်းထွန်း | ဦးတင်မောင် | ၆/ရဖန(နိုင်)၀၂၁၂၃၀ | ၃၇ | နာယက | - |
| ၁ | ဦးတင်ဝင်းနိုင် | ဦးဝင်းစိန် | ၆/လလန(နိုင်)၀၆၀၄၉၈ | ၃၈ | ဥက္ကဋ္ဌ | 09-966266866 |
| ၂ | ဦးအောင်ကိုဦး | ဦးအေးမြင့် | ၆/ကသန(နိုင်)၀၇၅၅၄၃ | ၂၉ | အတွင်းရေးမှူး | 09-897519966 |
| ၃ | ဒေါ်မူမူ | ဦးအောင်စိန် | ၆/လလန(နိုင်)၀၈၁၂၂၈ | ၄၂ | ဘဏ္ဍာရေးမှူး | 09-795856147 |
| ၄ | ဒေါ်အေးအေးစု | ဦးဖေသိန်း | ၆/လလန(နိုင်) ၁၁၁၇၇၄ | ၂၆ | စာရင်းကိုင် | - |
| ၅ | ဦးစောကြည် | ဦးထွန်းဖေ | ၆/လလန(နိုင်)၀၃၀၆၉၇ | ၇၀ | စာရင်းစစ်-၁ | 09-422214262 |
| ၆ | ဒေါ်ယုလွင် | ဦးကြာရွှေ | ၆/လလန(နိုင်)၀၈၀၆၃၄ | ၄၅ | စာရင်းစစ်-၂ | 09-788063403 |
| ၇ | ဦးဝင်းရှိန် | ဦးပုသား | ၆/လလန(နိုင်)၀၃၀၆၆၉ | ၆၅ | အဖွဲ့ဝင် | - |
| ၈ | ဦးအောင်ချစ် | ဦးအောင်ကြီး | ၆/လလန(နိုင်) ၀၃၀၈၂၇ | ၅၅ | အဖွဲ့ဝင် | - |
| ၉ | ဦးမြင့်စိုး | ဦးထွန်း | ၆/လလန(နိုင်) ၀၇၄၄၇၂ | ၅၂ | အဖွဲ့ဝင် | 09-781761629 |
| ၁၀ | ဦးတင်ထွန်း | ဦးဖိုးရှင်း | ၆/လလန(နိုင်)၀၄၄၁၀၄ | ၅၅ | အဖွဲ့ဝင် | |
| ၁၁ | ဒေါ်ရွှေရီ | ဦးဟံစီ | ၆/လလန(နိုင် )၀၃၀၇၇၅ | ၄၈ | အဖွဲ့ဝင် | 09-781043483 |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၇ | ၁၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၃ | ၄၅ | ၇၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၅ | ၅၁ | ၉၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၃ | ၄၆ | ၉၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၆၆ | ၃၉၃ | ၇၅၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၁၄ | ၃၂ |
| စုစုပေါင်း | | ၅၂၆ | ၅၅၆ | ၁၀၈၂ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၄၄ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာတွင် အိမ်ထောင်စု (၁၄၄)စု ရှိပြီး ကျား(၅၂၆)ဦး နှင့် မ(၅၅၆)ဦးရှိပါသည်။ကျွန်ုပ်တို့ကျေးရွာရှိ ကျား၊ မ အချိုးအစားမှာ တူညီသလောက်ရှိပါသည်။ (၁)နှစ်အောက် နို့စို့အရွယ်ကလေးမှာ ကျေးရွာ၏ (၀.၁၆%)ခန့်သာရှိပြီး အလွန်နည်းပါးပါသည်။ အိမ်ထောင်သည်များ၏ သားဆက်ခြားဆိုင်ရာ အသိပညာ တိုးတက်လာမှုရှိသည်ဟု ဆိုနိုင်ပါသည်။ (၁)နှစ်မှ ၄နှစ်အထိ ကလေးငယ် (၇၈)ဦးရှိပါသည်။ (၅)နှစ်မှ (၁၄)နှစ် အထိ ကျောင်းနေရွယ် ကလေးများ အသင့်အတင့်ရှိပါသည်။(၆၅)နှစ်အထက် သက်ကြီးရွာကြီးမှာ နည်းပါးပြီး (၃၂)ဦးသာ ရှိပါသည်။(၁၅)နှစ်မှ (၆၄) နှစ်အထိ အလုပ်လုပ်နိုင်သည့်လူဦးရေမှာ (၇၅၉)ဦးရှိပြီး ကျေးရွာ၏ (၇၀%)ခန့်ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

## (၂)သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၆၄.၃၀ | သင့် | ရ | မြေအောက်ရေ |
| ယာမြေ | ၁၄ | သင့် | အနည်းအကျဉ်း | စိမ့်စမ်းရေ |
| ဥယျာဉ်ခြံမြေ | ၁၇၃.၄ | သင့် | ရ | စိမ့်စမ်းရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| စုစုပေါင်း | ၃၅၁.၇၀ | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ဟင်းချိုတောကျေးရွာတွင် လယ်မြေ(၁၆၄.၃၀) ဧကရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် လယ်ယာလုပ်ငန်းအား မြေအောက်ရေ တစ်မျိုးတည်းကိုသာကို အဓိကထား အသုံးပြုကြပြီးရေလုံလောက်မှုရှိပါသည်။ ယာမြေမှာ (၁၄)ဧက ရှိပြီး ဥယျာဉ်ခြံမြေ(၁၇၃.၄)ဧက ရှိပါသည်။မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ရှိပြီး ရေအရင်းအမြစ်အဖြစ် စိမ့်စိမ်းရေကိုသာ အသုံးပြုကြပါသည်။ ဥယျာဉ်ခြံ မြေအတွက် ရေရရှိမှု လုံလောက်သော်လည်း ယာမြေများအတွက် အခက်အခဲ အနည်းအငယ် ရှိပါသည်။ ကျေးရွာတွင် လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းမှအပ ကျန်မြေယာ ပိုင်ဆိုင်မှုများ မရှိပေ။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လက်လှမ်းမမီ |
| အခြားသဘာဝအရင်းအမြစ် | - | - |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် – ၂၈ဒီဂရီစင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – ၁၈၉.၇၂လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာတွင် ကာဗွန်(ဓါတ်ငွေ့/ရေနံ)များထွက်ရှိမှု မရှိပါ။ ထို့ပြင်ကျေးရွာတွင် ဓာတ်သတ္တုထွက်ရှိမှုများလည်း မရှိသလောက်နည်းပါးပြီး အသုံးပြုနိုင်မှု လက်လှမ်းမမီပါ။ လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော ဆေးဖက်ဝင်အပင်များနှင့် တိရစ္ဆာန် မျိုးစိတ်များလည်း မထွက်ရှိပါ။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | နာရေးကူညီမှုအဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | နာရေးကူညီမှုအသင်း၏ စွမ်းဆောင်ရည်သည်ခိုင်မာတောင့်တင်းသည်။ |
| ၂ | အပျို/လူပျို အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အပျို/လူပျိုအဖွဲ့၏စွမ်းဆောင်ရည်သည်ခိုင်မာတောင့်တင်းသည်။ |
| ၃ | ဂေါပက အဖွဲ့ | ၁☐၂☐ ၃✓ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ဂေါပကအဖွဲ့၏စွမ်းဆောင်ရည် သည် ခိုင်မာတောင့်တင်းသည်။ |
| ၄ | လင်းရောင်ဖြာ ပရဟိတသင်း | ၁☐ ၂✓ ၃☐ | ပညာရေး ✓ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာအဘက်ဘက်မှ ဖွံ့ဖြိုးတိုး တက်ရန် လူငယ်၊လူလတ်များနှင့် အဓိကဖွဲ့စည်းထား၍အသင့်အတင့် ခိုင်မာသည်။ |
| ၅ | ကျန်းမာရေး အသင်း | ၁☐ ၂✓ ၃☐ | ပညာရေး ✓ ငွေကြေး☐<br>ကျန်းမာရေး ✓ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျန်းမာရေးအသင်းသည် ကျေးရွာ နေပြည်သူများ၏ ကျန်းမာရေး ကိစ္စရပ်များအတွက် ပူးပေါင်း ပါဝင်မှု အားကောင်းပါသည်။ |
| ၆ | ကျောင်းအကျိုးတော် ဆောင်အဖွဲ့ | ၁☐ ၂✓၃☐ | ပညာရေး ✓ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာ၏ ပညာရေးလိုအပ် ချက် စွမ်းဆောင်ရည်ပြည့်ဝစွာ ပူးပေါင်းဆောင်ရွက်ပါသည်။ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။။ ကျွန်ုပ်တို့ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် နာရေးကူညီမှုအသင်း၊ အပျို/လူပျိုအသင်း၊ဂေါပကအဖွဲ့၊ လင်းရောင်ဖြာ ပရဟိတအသင်း၊ ကျန်းမာရေး**

အသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည့်အဖွဲ့များသည် အဘက်ဘက်မှ ကျေးရွာလူထုများနှင့် ပူးပေါင်း၍ ကူညီလုပ်ဆောင်ပေးနေကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း<br>အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက အထက် | ၅-၁၀ဧကကြား | ၅ ဧက အောက် | မရှိ |
| အိမ်အခြေအနေ | အုတ်နံရံ၊တိုက်အိမ် | ပျဉ်ထောင်၊ အုတ်တပိုင်း၊ပျဉ်ထရံကာ | ပျဉ်ထရံကာ၊ ဓနိမိုး ၊ သစ်အိမ် | ဝါးတိုင်၊ ဝါးထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထော်လာဂျီ၊ စပါးစက် | ဆိုင်ကယ်၊ကုန်စုံဆိုင်၊ ထော်လာဂျီ | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ ကုန်စုံဆိုင် | လယ်၊ရောင်းဝယ်ရေး | လက်သမား၊ကျဘမ်း | ကျဘမ်း |
| အိမ်ထောင်စု | ၁၀ | ၆၀ | ၅၀ | ၂၄ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ကျေးရွာအိမ်ထောင်စု၏ (၂၄)စုသည် ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ကြသည်။ အဆင်ပြေသော အိမ်ထောင်စုတွင် လယ်မြေ(၁၀ ဧက) အထက် ပိုင်ဆိုင်သူများနှင့် အချို့မှာ မြေပိုင်ဆိုင်မှုမရှိဘဲ တစ်ထပ်တိုက်များ ဖြစ်ကြ၍ ကုန်စုံဆိုင်များ ဖွင့်လှစ်ရောင်းချသူများ ဖြစ်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၆၀)အိမ်ခန့်ရှိပြီး လယ်မြေ (၅ - ၁၀ဧက) ခန့် ပိုင်ဆိုင်ကြပြီး ထော်လာဂျီ၊ ဆိုင်ကယ်(၂)စီး၊ ကုန်စုံ ဆိုင်များ ပိုင်ဆိုင်ကြပါသည်။ အိမ်အခြေအနေမှာ တိုက်တစ်ပိုင်း အိမ်တစ်ပိုင်း ပျဉ်ထောင် အိမ်များ ဖြစ်ကြပြီး မိသားစုအချို့မှာ အိမ်ဆိုင်လေးများ ဖွင့်လှစ်ရောင်းချသူများ ဖြစ်ကြသည်။ ဝင်ငွေနည်း အိမ်ထောင်စုမှာ (၅၀)စုခန့် ရှိပြီး ဆိုင်ကယ်(၁)စီး ပိုင်ဆိုင်၍ အိမ်အနေအထားမှာ ပျဉ်ထရံကာ၊ ဓနိဖက်အိမ်မိုးများ ဖြစ်ကြပါသည်။ ဝင်ငွေအနည်းဆုံးသော မိသားစုများမှာ မြေယာမဲ့များ ဖြစ်ကြပြီး ကျေးရွာအိမ်ထောင်စု၏ (၁၆.၆၇%) ရှိပြီး ကျပန်းအလုပ်သမားများ ဖြစ်ကြသည်။

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၂ | ၅၅.၅၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၂၈ | ၁၉.၄၄% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၂ | ၁၅.၂၇% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၁၆ | ၁၁.၁၁% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်) | ၄ | ၂.၇၇% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၄၄ | ၁၀၀% | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။ ကျွန်ုပ်တို့ကျေးရွာရှိ အိမ်ခြေ(၁၄၄)အနက် (၇၂)စုမှာ စိုက်ပျိုးမြေမပိုင်ဆိုင်ကြသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ၂.၅ ဧကအောက်အထိရှိသော အိမ်ထောင်စုမှာ (၂၈) အိမ်၊ ၂.၅ ဧကမှ ၅ ဧကကြား ထိရှိသော အိမ်ထောင်စုမှာ (၂၂) အိမ်ရှိ၍၊ ၁၂.၅ ဧကအထက်ရှိသော အိမ်မှာ (၄)အိမ်သာရှိပါသည်။ ၅ ဧကမှ ၁၂.၅ ဧကကြားရှိ အိမ်မှာ (၁၆)အိမ်သာရှိပြီး သူတို့သည် အလယ်အလတ်စား တောင်သူများဖြစ်ကြပါသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများသဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အလုပ်များတွင် ဝင်ရောက် လုပ်ကိုင်ကြပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား** (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၉၇၅ | တင်း | ၃၀ | ၇၀ | ၅၀ | |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာအနေဖြင့် တစ်ရွာလုံး၏အဓိကသီးနှံဖြစ်သော စပါးကို အများဆုံးစိုက်ပျိုးပါသည်။စပါးထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံးတင်း(၃၀)နှင့် အများဆုံး (၇၀)တင်းရှိပါသည်။ ပျမ်းမျှအားဖြင့် တစ်ဧကလျှင် တင်း (၅၀)ခန့် ထွက်ရှိပါသည်။ စပါး အထွက်နှုန်းကျဆင်းရခြင်းမှာ မြေဆီလွှာပြုပြင်မှု အားနည်းခြင်း၊ ဓာတ်မြေသြဇာ အသုံးပြုမှု နည်းလမ်းမကျခြင်း၊ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ လက်လှမ်းမှီမှု အားနည်း ခြင်း နှင့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ အသိပညာဗဟုသုတ အားနည်းခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ လုပ်ဆောင်ပေးရန် လိုအပ် နေပါသည်။

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၂၄ | ၇၉ |
| **နို့စားနွား** | - | - |
| **ကျွဲ** | - | - |
| **မြင်း** | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၂၆ | ၆၉ |
| ကြက် | ၆၉ | ၈၆၁ |
| ဘဲ | ၁ | ၁၁၀ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၁ | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင်နွား၊မြင်း၊ဝက်၊ကြက်နှင့် ဘဲတို့ကို တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်သူ အတော်အသင့်ရှိပါသည်။ ရာသီအကူးအပြောင်းကာလများတွင် ကြက်နာ၊ ဝက်နာ ရောဂါများ ကျရောက်တတ်သဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အရင်းအနှီး ဆုံးရှုံး ရပါသည်။ ထို့ကြောင့် မွေးမြူရေးနှင့် ပတ်သက်၍ ကွင်းဆင်းဆေးကုသမှုများနှင့် နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း/အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း /အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | ၁၀ | - | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၃ | - | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | | - | | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | - | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၃ | - | လတ် |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၇ | ၁၆ | | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ကျွန်ပ်တို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်များတွင် လက်လီ-လက်ကားရောင်းဝယ်ရေးလုပ်ငန်း(၅)ခုရှိပြီး ဝင်ငွေရပ်တည်နိုင်မှု အသင့်အတင့်ရှိပါသည်။ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း၊ ထုတ်ကုန်လုပ်ငန်း၊ လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးရေးလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်း စသည်တို့မရှိပါ။ ထို့အပြင် ကျွန်ုပ်တို့ကျေးရွာတွင် ပညာရေးဝန်ထမ်း (၄)ဦး ရှိပြီး (၁)ဦးမှာ မိမိကျေးရွာတွင် တာဝန်ကျနေပြီး ကျန်(၃)ဦးမှာ အခြား ကျေးရွာများတွင် တာဝန်ကျနေပါသည်။ မိသားစုဝင်ငွေရပ်တည်နိုင်မှုမှာ အသင့်အတင့် ရှိပါသည်။ ထို့အပြင် ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု(၄)စု ရှိပြီး အလုပ်သမား

**အရေ အတွက်မှာ(၁၀)ဦးခန့်ရှိပါသည်။ ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်သူ (၂) ဦးရှိပြီး ဝင်ငွေရပ်တည်နိုင်မှုမှာ အသင့် အတင့်ရှိပါသည်။ကျေးရွာတွင် ဆောက်လုပ်ရေး၊ စက်ကိရိယာများပြင်ဆင်ရေး၊ လက်လီ-လက်ကားရောင်းဝယ်ရေးနှင့် ပညာရေးဝန်ထမ်းများမှအပ ကျန်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူ မရှိသလောက် နည်းပါးပါသည်။ ထို့ကြောင့် ဟင်းချိုတော ကျေးရွာတွင် စိုက်ပျိုး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ ဝင်ငွေအဆင့်တိုးတက်လာ စေရန် အသက် မွေးဝမ်းကျောင်းပညာပေး သင်တန်းများ ပြုလုပ်ပေးခြင်း၊ ငွေကြေး အရင်းအနှီး ချိတ် ဆက်ခြင်းနှင့် စက်ရုံအလုပ်ရုံများနှင့် ချိတ်ဆက်၍ အလုပ်အကိုင် အခွင့်လမ်း တိုးတက် အောင်လုပ်ဆောင်ခြင်းတို့ လိုအပ်နေပါသည်။**

**(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက်<br>(အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)(အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)** | သပြေရှောင်ကျေးရွာဈေး | ထားဝယ်မြို့စည်ပင်သာယာဈေး |
| **ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် ✔ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ✔ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐၁၀၀ မိုင် အထက် ☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင် ☐ စက်ဘီး ✔ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ✔ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ✔ ရထား ☐<br>သုံးဘီးဆိုင်ကယ် ✔ လှေ ☐<br>စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာ၏ အနီးဆုံးဈေးမှာ သပြေရှောင်ဈေးဖြစ်ပြီး တစ်မိုင်ခန့် ကွာဝေးပါသည်။ ထိုဈေးတွင် ကုန်စည်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်၊ သား၊ငါး၊ ကြက်၊ ဝက်များ ရရှိနိုင်ပြီး ၎င်းဈေးသို့ စက်ဘီး၊ ကားနှင့် ထော်လာဂျီစသည်ဖြင့် အဆင်ပြေသလို သွားလာကြ ပါသည်။ ဈေးအဆောက်အအုံများမှ အတော်အသင့် ကောင်းမွန်မှုရှိပါသည်။ ကျေးရွာတွင် ပစ္စည်း ကြီး များနှင့် ကုန်မျိုးစုံ အများအပြား ဝယ်ယူမည်ဆိုပါက ထားဝယ်မြို့ စည်ပင်သာယာ ဈေးကြီး သို့ သွားရောက် ဝယ်ယူကြရပါသည်။ အကြီးစားဈေးတွင် ဈေးအဆောက်အအုံများ ကောင်းမွန်မှု ရှိ ပါသည်။**

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐၂✓၃☐ ၄☐၅☐ | ကောင်း ☐ သင့်☐ညံ့ ✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✓ | ၀–၁ မိုင် ✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ✓ ၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ညံ့ ✓ | ပွင့်လင်း ရာသီ ✓<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ထားဝယ်-ရှင်မော် လမ်းမကြီးပေါ်တွင် ရှိပြီး ကတ္တရာလမ်းမှာ ကောင်းမွန်ပါသည်။သို့သော်ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများ ဖြစ်သော ကြောင့် ကျဉ်းမြောင်းပြီး မိုးရာသီတွင် ရွှံ့ဗွက်များထနေပါသည်။ လမ်းများမှာ ကျဉ်းမြောင်းပြီး မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရန် ကားအဝင်အထွက် အခက်အခဲရှိသဖြင့် မြေသားလမ်းပုံစံမီစေရန်အတွက် လမ်းချဲ့ရန်လိုအပ်နေပါသည်။ သံလျင်-ဟင်းချိုတော ရွာချင်းဆက်လမ်းနှင့် ကုန်ထုတ်လမ်းများမှာလည်း ကျဉ်းမြောင်းသည့်အတွက် ထော်လာဂျီမျှသာ သွားလာရပါသည်။ ထို့ကြောင့် သာရေးနာရေးကိစ္စရပ်များနှင့် လယ်ယာထုတ်ကုန်များ သယ်ယူပို့ဆောင်ရေးတွင် အခက်အခဲရှိသည့်အတွက် ထိုလမ်းများအား တိုးချဲ့ဖောက်လုပ်မည် ဆိုပါက အဆိုပါကိစ္စရပ်များ ဆောင်ရွက်ရာ၌ ပိုမိုအဆင်ပြေလာပါမည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | ၃၀ ' × ၂၅ ' × ၈ ' | ကောင်း ☐<br>သင့် ☐<br>ညံ့ ✓ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✓ |
| သစ်သား | - | ကောင်း ☐ | ၆လမှ ၁နှစ် ☐ | ပွင့်လင်း ရာသီ☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| တံတား | | သင့် ☐<br>ညံ့ ☐ | ၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | ၁၈ ' ×၃ ' ×၃ ' | ကောင်း ☐<br>သင့် ☐<br>ညံ့ ✓ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✓ |
| ရေကျော် | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာ၏ တံတား တည်ရှိမှုအခြေအနေမှာ ဆိပ်ခံတံတား၊ သစ်သားတံတား၊ကြိုးတံတား၊ဝါးတံတား၊ ရေကျော်တို့မှာ မရှိပါ။ ကွန်ကရစ် တံတားနှင့် ရေပြွန်သာရှိပါသည်။ ကွန်ကရစ်တံတား၏ အရွယ်အစားမှာ အရှည်ပေ (၃၀×၂၅×၈) ပေ ရှိပြီး တည်ဆောက်ထားသည်မှာ ကြာမြင့်နေပြီဖြစ်သဖြင့် အရည်အသွေးကျဆင်း နေပါသည်။ ကျေးရွာ၏ (၁၈ ' ×၃ ' ×၃ ' )ရှိ ရေပြွန်မှာလည်း ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။**

## (၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရ‌ေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင်☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ကျွန်ပ်တို့ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးပြုမှု နည်းပါးပါသည်။

## (၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၃ | ၃ | ၈၃ | ၁၆၆ | ၁ | ၇ | ၅ | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာ၏ မြစ်ကြောင်းပို့ဆောင်ရေးတွင် စက်လှေနှင့် လှေ၊ သမ္ဗာန်အသုံးပြုသူမှာ (၆)စီးရှိပါသည်။ စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးတွင်လည်း ကောင်း၊သပြေရှောင်ဈေးသို့ သွားရာတွင်လည်ကောင်း အသုံးပြုပြီး (၈၃)စီး ရှိပါသည်။ မော်တော် ဆိုင်ကယ်မှာ အလွန်ဝေးသော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြပြီး အိမ်တိုင်း နီးပါး တွင် (၁၁၆)စီးရှိပါသည်။ သုံးဘီးဆိုင်ကယ် (၁)စီး၊ ထော်လာဂျီ(၇)စီး၊ကား(၅)စီးရှိပြီး ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ၎င်းတို့က အဓိကပို့ဆောင်ပါသည်။

## (၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၂၃ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၁၀၀ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၂၁ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ပ်တို့ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ ဆိုလာစနစ်ဖြင့် အသုံးပြုသော အိမ်ထောင်စု (၂၃)အိမ်ခန့်နှင့် ကျေးရွာမှ တစ်နိုင်တစ်ပိုင် ပုဂ္ဂလိက ဒီဇယ်သုံးအင်ဂျင်ဖြင့် အသုံးပြုသော အိမ်(၁၀၀) ရှိပါသည်။ ထိုပြင် ကျေးရွာတွင် လျှပ်စစ်မီး အသုံးမပြုနိုင်သော (၂၁)အိမ်ခန့် ရှိပါသည်။ မဟာဓာတ်အားလိုင်းမှ ဓာတ်မီးတိုင်များနှင့် မီးကြိုးများ သွယ်တန်းထားမှု ရှိသော်လည်း လျှစ်စစ်မီးပို့လွှတ်မှု မရှိသေးပေ။

(၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၃၄ | ၁၃ | ၉၁ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာ၏ ဖုန်းအရေအတွက်မှာ (၂၃၄)လုံးရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်မှု ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာဖတ်ရှုသူ နည်းပါးပြီး သတင်းစာနှင့် ဂျာနယ်ရရှိမှု နည်းပါးပါသည်။ ထို့ပြင်ကျေးရွာတွင် တီဗွီ (၉၁)လုံး ခန့်ရှိပြီး သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဗဟုသုတများ လေ့လာမှုများ အားနည်းသည့်အတွက် စာပေဟောပြောပွဲများ၊ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၇) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၆၀ | ၅၅ | ၁၁၅ |
| အလယ်တန်း | ၃၁ | ၃၀ | ၆၁ |
| အထက်တန်း | ၉ | ၁၈ | ၂၇ |
| တက္ကသိုလ်/ကောလိပ် | ၁ | ၃ | ၄ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် မူလတန်းအဆင့် စာသင်ကျောင်းသာရှိပြီး ကျောင်းသားဦးရေနှင့် နေရာမျှတမှု မရှိသောကြောင့် ကျောင်းသားများ စာသင်ရန် အခက်အခဲ ရှိပါသည်။ ပညာရေးဌာနတွင် လျှောက်တင်ထားသော်လည်း တစ်နှစ်ရှိပြီး ကျောင်းဆောင်အသစ် မရရှိဖြစ်နေပါသည်။ လက်ရှိ မူလတန်းတွင် ကျောင်းသားဦးရေ (၁၂၅) ယောက်ရှိပါသည်။ထို့အပြင် အလယ်တန်းပညာရေး တက်သူ (၆၁)ဦး၊ အထက်တန်း(၂၇)ဦးနှင့် တက္ကသိုလ်တက်သူ (၄)ဦး ရှိပါသည်။ မူလတန်း ပညာရေးကို ကျေးရွာတွင် တက်ရောက်နိုင်သော်လည်း အလယ်တန်းနှင့် အထက်တန်းကိုမူ သပြေရှောင် ကျောင်း(သို့မဟုတ်) ကြက်ယက်တွင်းကျောင်းတွင် သင်ကြားကြပါသည်။ ကျေးရွာတွင် ကျောင်းနေရွယ် မသန်စွမ်းကလေး (၄)ဦးရှိပါသည်။ ထိုကလေးများ၏ မိဘများမှာ ပညာသင်ကြား စေချင်သော်လည်း အခက်အခဲရှိသဖြင့် မိမိတို့အိမ်၌သာ အချိန်ကုန်

ဆုံးခဲ့ရပါသည်။ ထို့ကြောင့် မသန်စွမ်းသူများ ပညာသင်ကြားခွင့်ရရှိနိုင်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က**။ ကျောင်းအဆင့် | မူလတန်း ✔ မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | | | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | | | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | | |
| **ခ**။ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ**။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✔<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ**။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၂၁၅၀ပေ | | | | | | | | |
| **င**။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့် ✔ ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ**။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✔ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ**။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✔<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ**။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ✔ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ**။ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၅ | ၆ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

**ရင်းမြစ်** … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦးအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာ၏ မူလတန်းကျောင်းကြမ်းခင်းဧရိယာ(၂၁၅၀ ’) ရှိပါသည်။ ကျေးရွာစာသင်ကျောင်းသည် ရွာထဲတွင်ရှိသဖြင့် သယ်ယူပို့ဆောင်အနေဖြင့် စက်ဘီး၊ ခြေလျင်ဖြင့် အဆင်ပြေသလို သွားလာကြပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိပါသဖြင့် ဖြည့်ဆည်းရန် လိုအပ်နေပါသည်။ ကျောင်းတွင် အိမ်သာ(၂)ခန်းရှိပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ ကျောင်းသားဦးရေ တိုးလာသဖြင့် ကျောင်းအဆောက်အအုံ အခက်အခဲရှိ ပါသည်။**

**ကျောင်းသားများကစားရန် အားကစားကွင်းနှင့် အားကစားပစ္စည်းများ မရှိပါသည်။ ကျေးရွာတွင် မူကြိုကျောင်းမရှိသဖြင့် မူကြိုရွယ်ကလေးများ မူကြိုပညာရေး မရရှိပါ။ ကျောင်းတွင် အာဟာရတိုက်ကျွေးမှု မရရှိသော်လည်း ကျန်းမာရေးစစ်ဆေးမှုများရှိပါသည်။ မိဘဆရာ ပူးပေါင်းမှု အားကောင်းပါသည်။ ကျောင်းတွင် ဆရာမဝန်ထမ်းဦးရေမှာ ကျား (၁) နှင့် မ(၅) ပေါင်း(၆) ဦးရှိပါသည်။ ဝန်ထမ်းအားလုံးသည် အစိုးရခန့်များ ဖြစ်ကြပါသည်။ဆရာမ (၃)ဦးမှာ အခြားမှ တာဝန်ကျသူများဖြစ်ကြသဖြင့် ထိုဆရာမများအတွက် ဝန်ထမ်းအိမ်ရာ လိုအပ်နေပါသည်။ ကျောင်းတွင် သန့်ရှင်းသောက်သုံးရေ ရရှိမှုလည်း အဆင်ပြေပါသည်။**

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသောရောဂါများ**

ဇယား (၁၉) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| ၂ | သွေးလွန်တုပ်ကွေး | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| ၃ | ငှက်ဖျား | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ *နိမ့်*☐ *မရှိ*✓ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| ၆ | တီဘီ | *မြင့်*☐ *နိမ့်*☐ *မရှိ*✓ |
| ၇ | ဆီးချို | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| ၈ | သွေးတိုး | *မြင့်*✓ *နိမ့်*☐ *မရှိ*☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ *နိမ့်* ✓ *မရှိ*☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | *မြင့်*☐ *နိမ့်*☐*မရှိ*✓ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |

**ရင်းမြစ်** … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီ၊** HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ **ဆီးချို၊အသည်းရောဂါ(ဘီ၊ စီ)နှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ကြပြီး သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းမှာ မြင့်မားမှု ရှိပါသည်။ ထို့အပြင် ကျန်းမာရေး ဟောပြောပွဲများ တစ်ခါတစ်ရံပြုလုပ်ပေးလေ့ရှိပြီး ကျန်းမာရေး ဆေးစိမ်ခြင်ထောင်များလည်း ပေးလေ့ရှိပါသည်။ ထို့ကြောင့် ဟင်းချိုတောကျေးရွာရှိ ကျေးရွာသူ/သား များသည် ကျန်းမာရေးဆိုင်ရာ ဗဟုသုတ အနည်းငယ် ရှိကြပါသည်။**

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၂၀) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)** | *ရှိ* | *မရှိ* |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | ✓ |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၃ | ပိုလီယိုရောဂါ | | ✔ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | | ✔ |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✔ |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✔ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးမှုမှာ အဆုတ်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါများတွင် ကာကွယ်ဆေးထိုးခြင်း မရှိခဲ့ပါ။ ကိုယ်ဝန်ဆောင်များအတွက် မေးခိုင်ကာကွယ်ဆေးအား သပြေရှောင်ကျေးရွာတွင် သွားထိုးရပါသည်။ ကလေးများအတွက် ပိုလီယိုရောဂါ၊ဝက်သက်ရောဂါ များအတွက်၊ စုပေါင်းကာကွယ်ဆေးထိုးနှံမှုများလည်း ရှိပါသည်။ အာဟာရမှတ်တမ်းယူမှုမှာ ကျေးရွာကိုယ်ထူကိုယ်ထကျန်းမာရေးအဖွဲ့မှ တစ်လလျှင်တစ်ကြိမ်ပြုလုပ်ပေးပါသည်။ အာဟာရ ပညာပေးအစီအစဉ်များ ပြုလုပ်မှု မရှိသေးပါ။**

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၁) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ✔<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ✔<br>၁၀မိုင်အထက်☐ | ရှိ ✔<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ✔ | ရှိ ✔<br>မရှိ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ဟင်းချိုတောကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုမှာ**

**ကျေးလက်ကျန်းမာရေး ဌာနခွဲသို့ (၃) ဖာလုံခန့် သွားရောက်ရပါသည်။ ကျေးလက်ဆေးပေးခန်းမှာ အခန်းနှင့် ကုတင် ဆေးဝါးများလည်း ထိုက်သင့်သလောက်ရှိပြီး ဝန်ဆောင်မှု ညံ့ပါသည်။ ညပိုင်းကျန်းမာရေး ဝန်ဆောင်မှုများအတွက် အခက်အခဲရှိပါသည်။ ဆရာမမှာ သပြေရှောင်ကျေးရွာတွင်နေထိုင်ပြီး လိုအပ်သည့်အချိန်တွင် ခေါ်ဆိုရန် ခက်ခဲပါသည်။ ထို့ကြောင့် ဟင်းချိုတောကျေးရွာရှိ ရွာသူ/ သားများသည် အများအားဖြင့် တိုက်နယ်ဆေးရုံတွင် သွားရောက်ကုသမှု ခံယူကြပါသည်။ တိုက်နယ်ဆေးရုံသို့ (၅) မိုင်ခန့် သွားရောက်ရပြီး အခန်း၊ကုတင်၊ဆေးဝါးများနှင့် ကျန်းမာရေး ဝန်ဆောင်မှုလည်း ကောင်းပါသည်။ မြို့နယ်ဆေးရုံကိုမူ ကျေးရွာမှ (၁၁)မိုင် ကွာဝေးပါသည်။ ကျေးရွာတွင် ဆေးဝယ်ယူရန် ဆိုင်မရှိပါ။ သပြေရှောင်ကျေးရွာတွင် ဝယ်ယူကြပါသည်။**

### (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၂) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁၀၆ | ကောင်း ✔ သင့် ☐ ညံ့ ☐ | လုံလောက်မှုရှိ |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| အဝီစိတွင်း/ တုံကင် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| မြစ်/ချောင်းရေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| ရေကန် | | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| စိမ့်စမ်းရေ | ၉၆ | ကောင်း ☐ သင့် ✔ ညံ့ ☐ | လုံလောက်မှုရှိ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာတွင် ရေတွင်းမှာ (၁၀၆) တွင်းခန့်ရှိ၍ ရေ အရည်အသွေး ကောင်းမွန်ပြီး မိုးရာသီတွင် လုံလောက်မှုရှိပြီး နွေရာသီ တပေါင်းလနှင့် တန်ခူးလများတွင် ရေလုံလောက်မှု အနည်းငယ် အခက်အခဲ ရှိပါသည်။ ကျေးရွာတွင် တောင်ကျ စမ်းရေကို အသုံးပြုသော အိမ်ထောင်စု (၉၆) အိမ်ရှိပြီး တစ်ယူနစ်လျှင်(၂၀၀)ကျပ် ပေးရပါသည်။ ထို့အပြင် အဝီစိတွင်း (စက်တပ်)၊ အဝီစိတွင်း(တုံကင်)၊ မိုးရေ သိုလှောင်ကန်၊ မြစ်/ချောင်းရေနှင့် ရေကန် သုံးစွဲမှုများ မရှိပါ။**

### (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၃) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၃ |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| ရေလောင်း/ယင်လုံအိမ်သာ | ၈၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၃၉ |
| တွင်းမရှိ အိမ်သာ | ၁ |
| အိမ်သာမရှိ | ၁၇ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာ၏ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှုမှာ ရွာ၏ (၆၀%)ခန့်သာ ရှိပါသည်။မသန့်ရှင်းသောအိမ်သာသုံးစွဲမှာ ကျေးရွာ၏ (၄၀%)ခန့်ရှိနေပါသည်။ ထို့အပြင် အိမ်သာမရှိသော မိသားစုများလည်း ရှိနေပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဗဟုသုတ နည်းပါးခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ တစ်ခါတစ်ရံဖြစ်ပွား ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုကြောင့် ယင်လုံအိမ်သာများကို ကျန်းမာရေးဌာနနှင့် ရွာသူ/သားများ၊ NGOs အဖွဲ့များ ပူးပေါင်းကာ ဆောက်လုပ်ပေးရန်နှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ် နေပါသည်။

(၈) ဘေးအန္တရာယ်များ

ဇယား (၂၄) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | အသင့်အတင့်ရှိသည် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေးအဆင်ပြေသည် |
| ၃ | ရေကြီးခြင်း | မိုးများပြီးရေမြောင်းမရှိ |
| ၄ | မိုးခေါင်ခြင်း | ရာသီဥတုပုံမှန်ရှိပါသည် |
| ၅ | အအေးလွန်ကဲခြင်း | ဆောင်းရာသီတွင်တစ်ခါတစ်ရံအအေးလွန်ကဲသည် |
| ၆ | မုန်တိုင်း | လေကြမ်းအဆင့်သာရှိသည် |
| ၇ | လျှပ်စီး | ဖြစ်ခဲ့သည် |
| ၈ | မီးဘေး | ဤနှစ်တွင် အိမ်တစ်လုံးမီးလောင်သည် |
| ၉ | ဆားငန်ရေဝင်မြေ | ဆားငန်ရေဝင်ပါသည် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ၊ထိန်းသိမ်းပါသည် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ |
| ၁၂ | ငှက်ဖျားရောဂါ | ဖြစ်ခဲ့ပါသည် |
| ၁၃ | တီဘီရောဂါ | ဖြစ်ခဲ့ပါသည် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ဖြစ်ခဲ့ပါသည် |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိပါ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာအနေဖြင့် စားနပ်ရိက္ခာမဖူလုံမှုမှာ အသင့်အတင့်ရှိပါသည်။ သဘာဝအရင်းအမြစ်အဖြစ် စိုက်ပျိုးမြေနှင့် ရေရှားပါးမှုအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ဆားငန်ရေဝင်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ ထွက်နှုန်းနည်းပါးပါသည်။ တိမ်ကောနေသော ချောင်း၊မြောင်းများအား ပြန်လည်တူးဖော်ရန် လိုအပ်နေပါသည်။ ထို့ပြင် ကျေးရွာတွင် မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊ မီးဘေး၊ သစ်တောပြုန်းတီးခြင်း၊ ပြည်တွင်းပဋိပက္ခ၊လူကုန်ကူးခြင်းများ မရှိသလောက် နည်းပါးပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာအခြေအနေ | နိမ့် | ဆားငန်ရေဝင် |
| အပင်မျိုးစိတ်များ | နိမ့် | မရှိသလောက်နည်းပါး |
| ရေအရင်းအမြစ် | နိမ့် | ချောင်း၊စိမ့်စမ်းရေမှ ရရှိနိုင်ခြင်း |
| ငါးမျိုးကွဲများ | - | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်၊ အခက်အခဲများမှ မြေဩဇာအခြေအနေမှာ အန္တရာယ်ရှိမှု အနည်းငယ်သာရှိပါသည်။ မြေယာပြုပြင်မှုမရှိခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်းကြောင့် မြေဆီလွှာ အရည်အသွေး အလယ်အလတ်ရှိပါသည်။ ထို့ပြင် ကျေးရွာတွင် အပင်မျိုးစိတ်များ အန္တရာယ်ရှိမှုမှာ အနည်းငယ်သာရှိပါသည်။ ရေအရင်းအမြစ်များ၊ငါးမျိုးကွဲများနှင့် အခြား တိရစ္ဆာန်မျိုးကွဲများမှာ အန္တရာယ်မရှိကြပါ။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၆) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ*✓ | *မရှိ*☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ*✓ | *မရှိ*☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် | *ရှိ*☐ | *မရှိ*✓ |

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| | ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | *ရှိ*✓ | *မရှိ*☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဟင်းချိုတောကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု အပိုင်းတွင် အတော်အသင့် အားကောင်းပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေး များ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင် ရှိမှုမှာ အများအားဖြင့် အချို့အမျိုးသမီးများကသိသလို၊ အချို့အမျိုးသမီးများ လည်းမသိသေးပါ။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။

## ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား(ဟင်းချိုတောကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး** | | | | | |
| ၁ | စိုက်ပျိုးနည်းပညာ အားနည်းခြင်း | • သမရိုးကျစိုက်ပျိုးနည်းများကို အသုံးပြုနေကြခြင်း | စိုက်ပျိုးနည်းပညာများရရှိရန်ဆန္ဒရှိခြင်း | နည်းပညာသင်တန်းများ ရရှိရန်ခက်ခဲခြင်း | စိုက်ပျိုးမွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း | စိုက်ပျိုးရေးနည်းပညာများပို့ချရန် သင်တန်းလိုအပ်ခြင်း |
| ၂ | ချောင်းတိမ်ကောခြင်း | • ခနိပင်များ၊သစ်ပင်များ၊ ရွံ့များပြည့်လာခြင်းကြောင့် ချောင်းများရေဆင်းလမ်းမကောင်းခြင်း | - | ငွေကြေးလုံလောက်မှု မရှိခြင်း | စိုက်ပျိုးမွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း | ချောင်းတူးခြင်း ပေ ၃၅၀၀ |
| ၂ | **ပညာရေး** | | | | | |
| ၃ | • သပြေချောင် တွင်မူကြိုကျောင်းရှိသော် လည်း ကြိုပို့လုပ်ရန်ခက်ခဲ ခြင်းကြောင့် ကျောင်းမ ထားနိုင်ခြင်း | • မူကြိုအရွယ်ကလေးဦးရေ များလာခြင်း<br>• မူကြိုကျောင်းမရှိခြင်း | • ကျောင်းဆောက်ရန် မြေအလှူရှင်ရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ခြင်း | • မူကြိုကျောင်းအဆောက်အအုံလိုအပ် ခြင်း(၃၅'×၂၀'×၁၂') |
| ၄ | စာသင်ကျောင်းအဆောက်အအုံချဲ့ရန်လို | ကျောင်းသားဦးရေများလာခြင်း | ကျောင်းဆောက်ရန်မြေနေရာရှိခြင်း | ပညာရေးဌာနကလိုအပ်မှုကိုသိသော်လည်းကြန့်ကြာနေခြင်း | ပညာရေးဌာနနှင့်ချိတ်ဆက်ရန် | ကျောင်းအဆောက်အအုံလိုအပ်ခြင်း (၆၀ '×၄၀'×၁၂') |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | ဝန်ထမ်းအိမ်ရာလိုအပ်ခြင်း | ရပ်ဝေးမှဆရာ/ဆရာမများ အဆင်ပြေသလိုနေရခြင်း | ဝန်ထမ်းအိမ်ရာဆောက်ရန်မြေနေရာရှိခြင်း | ပညာရေးဌာနကလိုအပ်မှုကိုသိသော်လည်းကြန့်ကြာနေခြင်း | ပညာရေးဌာနနှင့်ချိတ်ဆက်ရန် | ဝန်ထမ်းအိမ်ယာလိုအပ်ခြင်း |
| **၃** | **လမ်း၊ တံတား၊ လျှပ်စစ်** | | | | | |
| ၆ | **ရွာချင်းဆက်လမ်းမကောင်းခြင်း** | လမ်းကျဉ်း၍မြေသားလမ်းဖြစ်ခြင်း၊ရေမြောင်းမရှိခြင်း | **လမ်းဘေးခြံများသဘောတူညီမှုရှိခြင်း** | **ငွေကြေးလုံလောက်မှုမရှိခြင်း** | **ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း** | ၁၈၅၀ပေအရှည်ရေမြောင်းပါ ၂၀ပေရှိမြေသားလမ်းချဲ့ခြင်း |
| ၇ | **ရေပြွန်မရှိခြင်း** | ပြွန်တည်ရှိရန်ရာလမ်းမှာရေမြောင်းမရှိသဖြင့် ပြွန်လုပ်ရန်ခက် | **လမ်းချဲ့ပြီးရေပြွန်လုပ်ရန်လွယ်ကူ၊လုပ်အားပါဝင်နိုင်မှုမရှိခြင်း** | **ငွေကြေးလုံလောက်မှုမရှိခြင်း** | **ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း** | အ၀၃ပေ၊အရှည်၃ပေ၊ပြွန်၁၂ခုချရန် |
| ၈ | **ရွာတွင်လမ်းကျဉ်းမြောင်းခြင်း** | လမ်းကျဉ်းခြင်း၊မြေသားလမ်းဖြစ်၍ရေမြောင်းမရှိခြင်းကြောင့်လမ်းအတွင်းရှိအိမ်များအခက်အခဲများစွာရှိခြင်း | **လမ်းချဲ့ရန်လမ်းအတွင်းရှိအိမ်များ၏သဘောတူညီမှုလက်မှတ်ရရှိခြင်း** | **ငွေကြေးလုံလောက်မှုမရှိခြင်း** | **ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း** | ရေမြောင်းပါ၁၂ပေလမ်း<br>၂၀’×၁၂၅၀’=၁လမ်း<br>၁၂’×၆၇၆’=၁လမ်း<br>၁၅’×၄၀၀’=၁လမ်း |
| ၉ | **လမ်းမီးတိုင်များလိုအပ်ခြင်း** | လမ်းကျဉ်း၍မီးတိုင်မစိုက်ထူနိုင်ခြင်း | **လမ်းကောင်းလာရန်အလားအလာရှိခြင်း** | **လမ်းကျဉ်ခြင်း** | **လျှပ်စစ်ဝန်ကြီးဌာနနှင့်ချိတ်ဆက်ခြင်း** | ဓာတ်မီးတိုင်များလိုအပ်ခြင်း |
| ၁၀ | **ကုန်ထုတ်လမ်းမရှိခြင်း** | စိုက်ပျိုးချိန်၊ရိတ်သိမ်းချိန်တွင်စက်များအချိန်မှီမဆင်းနိုင်ခြင်း၊မိုးတွင်းကာလတွင်စိုက်ပျိုးသီးနှံများ၊သားငါးများရောင်းရန်ခြေလျင်သာ သွားလာ နေရခြင်း | **လမ်းအတွင်းရှိလယ်သမားများ၏သဘောတူညီမှုရရှိခြင်း** | **ငွေကြေးမလုံလောက်ခြင်း** | **စိုက်ပျိုးမွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း** | ပေ၂၀၀၀ကုန်ထုတ်လမ်းလိုအပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁၁ | **တံတားမနိုင်ခံခြင်း** | ကုန်ထုတ်လမ်းတစ်ဝက်တွင်ချောင်းတစ်ခုရှိခြင်း၊ သစ်သားတံတားငယ်ဖြစ်ခြင်း | **လုပ်အားပါဝင်နိုင်မှုရှိခြင်း** | **ငွေကြေးမလုံလောက်ခြင်း** | **ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း** | ကုန်ထုတ်တံတားလိုအပ်ခြင်း၃၀' × ၂၅ |
| ၄ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| ၁၂ | **ဘောလုံးကွင်းမကောင်းခြင်း** | မြေမညီခြင်း၊ခြံစည်းရိုးမရှိခြင်းကြောင့်ယာဉ်များ၊နွားများ၊သွားလာ၍ပိုပျက်စီးခြင်း | **ဘောလုံးကွင်းမြေနေရာလုံလောက်စွာရှိခြင်း** | **အားကာသို့တင်ပြထားသော်လည်းကြန့်ကြာနေခြင်း** | **အားကစားဝန်ကြီးဌာနနှင့် ချိတ်ဆက်ရန်** | ဘောလုံးကွင်းပြုပြင်ရန်၊ခြံစည်းရိုးခတ်ရန်<br>အလျား ၄၆၈'<br>အနံ ၂၈၀' |
| ၅ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၁၃ | • အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း | • စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းနည်းပါးခြင်း၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု အားနားခြင်း | • အတတ်ပညာများသင်ယူရန်လူငယ်များ ရှိခြင်း | • ချိတ်ဆက်မှုအားနည်း ခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများ လိုအပ်ခြင်း |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်

နောက်ဆက်တွဲ(၄)

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

| | |
|---|---|
| ကျေးရွာ | - ဟင်းချိုတော |
| ကျေးရွာအုပ်စု | - သပြေရှောင် |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

**စီမံချက်အမည်** - ကျေးရွာမူကြိုကျောင်း (၃၅×၂၀×၁၂)ပေ တည်ဆောက်ခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိတွင် ကျေးရွာ၌ မူကြိုကျောင်း မရှိသဖြင့် သပြေရှောင်ကျေးရွာတွင် သွားရောက်နေရပါသည်။
- မူကြိုကျောင်းနေရန် ကလေးများ (၈၀)ဦးခန့် ရှိသော်လည်း ကလေးများအား အကြို/အပို့ပြုလုပ်ရန် အခက်အခဲရှိသဖြင့် (၁၀)ဦးသာ ပညာသင်ကြားခွင့် ရှိပါသည်။
- ထို့ကြောင့် မူကြိုနေရွယ် ကလေး(၇၀)ဦးခန့်မှာ ပညာသင်ကြားရန် အခွင့်အရေးများ ဆုံးရှုံးနေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- မူကြိုကျောင်း အင်္ဂါရပ်နှင့် ပြည်စုံစေရန်
- ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် နေရာကောင်းတစ်ခုရရှိရန်
- ကလေးငယ်များ ဘေးအန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရန်
- အနာဂတ်ကြယ်ပွင့်ကလေးများအတွက် ပြုစုပျိုးထောင်သော အရိပ်တစ်ခု ကောင်းမွန်စွာရရှိရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- မူကြိုကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံခြင်းကြောင့် ကျေးရွာ၏ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်။
- ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူများ ဖြစ်လာမည်။
- ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်မည်။
- ကလေးများ လွတ်လပ်စွာ ကစားခြင်း၊ မိဘများ စိုးရိမ်ပူပန်မှုမရှိဘဲ အလုပ်လုပ်နိုင်လာမည်ဖြစ်ပါသည်။
- နောက်အနာဂတ်တွင် ထွန်းလင်းတောက်ပသော ကျောင်းသားငယ်များဖြစ်လာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျေးရွာမူကြိုကျောင်း (၃၅×၂၀×၁၂)ပေ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၀၀၀၀၀၀၀)ကျပ် ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• *၀၀၀၀၀၀* ×× × × × × × × (ငွေသား)<br>• ××××××××××လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၅၂၆ | ၅၅၆ | ၁၀၈၂ | ၁၀ | ၆၀ | ၅၀ | ၂၄ | ၁၄၄ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၂ | ၄၇ | ၇၉ | ၆ | ၁၅ | ၃၃ | ၂၅ | ၇၉ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ဟင်းချိုတောကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း-** ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (စတုတ္ထပတ်)

**(၃) စီမံချက်ပြီးစီးမည့်အချိန် -** ၂၀၁၉ခုနှစ်၊ မတ်လ (စတုတ္ထပတ်)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျေးရွာမှ လုပ်အားပါဝင်နေစေရန် ကျေးရွာလူငယ်အဖွဲ့များ၊ ပရဟိတအဖွဲ့များအား စည်းရုံးဆောင်ရွက်သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- မူကြိုကျောင်းဆောင် ရေရှည်ကောင်းမွန် ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ / သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

| | | |
|---|---|---|
| ကျေးရွာ | - | ဟင်းချိုတော |
| ကျေးရွာအုပ်စု | - | သပြေရှောင် |
| မြို့နယ် | - | လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - | တနင်္သာရီ |

စီမံချက်အမည် - သံလျင်-ဟင်းချိုတော ကျေးရွာချင်းဆက်လမ်း (၁၈၅၀'×၂၀')အား မြေသားလမ်းတိုးချဲ့ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

သံလျင်-ဟင်းချိုတော ကျေးရွာချင်းဆက်လမ်း (၁၈၅၀'×၂၀')သည် ကျဉ်းမြောင်းပြီး မိုးရာသီတွင် စိမ့်ရေများထွက်၍ ရွံ့ဗွက်များဖြစ်ကာ ဆိုင်ကယ်များပင် သွားလာရန် ခက်ခဲသဖြင့် ရွာသူရွာသားများ အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာ၌ ပိုမို အဆင်ပြေစေရန်၊
- ကျန်းမာရေး အရေးပေါ် အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊
- သံဃာတော်များ ဆွမ်းခံကြွရာတွင် သွားလာရ အဆင်ပြေစေရေန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ပါမည်။
- ကုန်ပစ္စည်းများသယ်ယူရာ၌ အဆင်ပြေလာသည့်အတွက် ပို့ဆောင်ရေးလုပ်ငန်း အောင်မြင်လာပါမည်။
- ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မီ ပို့ပေးနိုင်ပြီး မတော်တဆ သေဆုံးမှု လျော့ကျလာပါလိမ့်မည်။
- သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံ ကြွနိုင်မည်။
- ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီးနိုင်ပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

သံလျင်- ဟင်းချိုတော ကျေးရွာချင်းဆက်လမ်း (၁၈၅၀'×၂၀')အား မြေသားလမ်းတိုးချဲ့ ခြင်းလုပ်ငန်း မည်ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀၀၀၀၀၀၀၀(ငွေသား)<br>• ………………. (ငွေသား)<br>• ၁.၇၉၈၆ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၅၂၆ | ၅၅၆ | ၁၀၈၂ | ၁၀ | ၆၀ | ၅၀ | ၂၄ | ၁၄၄ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၅၂၆ | ၅၅၆ | ၁၀၈၂ | ၁၀ | ၆၀ | ၅၀ | ၂၄ | ၁၄၄ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br><br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ရပ်မိရပ်ဖ၊လူလတ်အဖွဲ့၊လူပျို/အပျိုအဖွဲ့များမှ တာဝန်ယူဆောက်ရွက်ပါမည်။ |
| (၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း- စက်တင်ဘာလလ (တတိယပတ်) (၂၀၁၉) |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ဖေဖော်ဝါရီလ (ပထမပတ်) (၂၀၂၀) |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>ကျေးရွာအနေဖြင့် လုပ်အားအပြည့်အဝ ကူညီဆောင်ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်း အဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• လမ်းအား ရေရှည်ကောင်းမွန် ခိုင်ခံ့ စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။<br>ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး အဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ပါမည်။ စီမံကိန်းလုပ်ငန်းပြီးစီးပါက ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ပြပြီး စီမံကိန်းပြီးစီးကြောင်းကို သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြသွားပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

| | |
|---|---|
| ကျေးရွာ | - သပြေရှောင် |
| ကျေးရွာအုပ်စု | - ဟင်းချိုတော |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |
| စီမံချက်အမည် - (၃'×၃')ရှိ ရေပြွန် (၁၂)ခု ပြုလုပ်ခြင်း | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>➢ ယခုလက်ရှိတွင် ကျေးရွာ၏ လမ်းများ၌ ရေပြွန်များ မရှိသည့်အတွက် မိုးရာသီတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်လျှက်ရှိပါသည်။ထို့ကြောင့် မိုးရာသည်တွင် ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရှိပါသည်။ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>➢ မိုးရာသီတွင် ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန်<br>➢ ကျေးရွာနေပြည်သူများ ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်စေရန်<br>➢ ကျေးရွာ၏ လူနေမှု အဆင့်အတန်း မြင့်မားစေရန်<br>➢ ကျောင်းသား/သူများ ကျောင်းပျက်နှုန်းနည်းပြီး ပညာတတ်မြောက်မှုများ များလာစေရန် | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>➢ မိုးရာသီတွင် ရေကြီးရေလျှံမှုများမှ ကင်းဝေးလာပါမည်။<br>➢ ကျေးရွာနေပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပါမည်။<br>➢ လူနေမှုအဆင့်အတန်း မြင့်မားလာပါမည်။<br>➢ ကျောင်းသား/သူများ ကျောင်းပျက်နှုန်းနည်းပြီး ပညာတတ်မြောက်မှုများ များလာပါမည်။ | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>(၃'×၃')ရှိ ရေပြွန် (၁၂)ခု ပြုလုပ်ခြင်းအား ခန့်မှန်းကုန်ကျငွေ (၁၀၈)ကျပ်သန်းဖြင့် ဆောင်ရွက်ပါမည်။ | |

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀၈သန်း(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၅၂၆ | ၅၅၆ | ၁၀၈၂ | ၁၀ | ၆၀ | ၅၀ | ၂၄ | ၁၄၄ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၅၂၆ | ၅၅၆ | ၁၀၈၂ | ၁၀ | ၆၀ | ၅၀ | ၂၄ | ၁၄၄ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br><br>- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br><br>• ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ပြီး လုပ်အားနှင့် ငွေအားအသင့်အတင့် ကူညီဆောင်ရွက်ပေးပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>- လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းအဖွဲ့အစည်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ကြပ်မတ်ဆောင်ရွက်ပါမည်။<br>- သက်ဆိုင်ရာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။<br>- လုပ်ငန်းပြီးစီးပါက ရေရှည်တည်တံ့ရေးအတွက် ကျေးရွာနေပြည်သူများနှင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားပါမည်။ |